ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)

(Village Development Project)

နုတ်ကွတ်ကျေးရွာအုပ်စု၊ နုတ်ကွတ်ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နုတ်ကွတ်ကျေးရွာ၊ လားရှိုးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊အောက်တိုဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	နုတ်ကွတ်ကျေးရွာသယံဇာတပြမြေပုံ၊လာ:ရှိုးမြို့နယ်	၆
	နုတ်ကွတ်ကျေးရွာရာသီခွင်ပြပြကွဒိန်၊လာ:ရှိုးမြို့နယ်	၇
	နုတ်ကွတ်ကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၁၁
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၂
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၄
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၄
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်	၁၄
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၅
၆။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၅
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၅
	(ခ) ကျေးရွာမီးလင်းရေး	၁၅
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၅
၇။	ပညာရေး	၁၅
၈။	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၆
၉။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၇
၁၀။	ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ	၁၇
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၇
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး	၁၇
၁၃။	ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ	၁၈
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	၁၉
	စီမံချက်အဆိုပြုလွှာ(၁)	၂၀

	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၂
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၃
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ဘဏ္ဍာရေးနှစ်မှ ၂၀၃၀/၂၀၂၃ခုနှစ်အထိ(၅)နှစ်ကြာအေ
ောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူထုအများစုပေါင်းပါဝင်ေ

ေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေး အတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသောစိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးေ ောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအု ပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော် လည်းလူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများ ကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချ င်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူ ညီပံ့ပိုးပေးသည့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများကစီစဉ်ဆောင်ရွက် ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင်ကိန်းဂဏ န်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့ သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ် မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာမ ျားမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေး ြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန် းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်း လဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွ က်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊မြို့နယ်အဆင့်တွင်လည်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ကျေးလ က်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့်သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ဆက်လက်ပံ့ပိုးမှုမျ ားရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆို င်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနို င်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

အောက်တိုဘာလ၊၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နုတ်ကွတ်ကျေးရွာ

လားရှိုးမြို့နယ်


နုတ်ကွတ်ကျေးရွာသယံဇာတပြမြေပုံ၊လား:ရှိုးမြို့နယ်



နုတ်ကွတ်ကျေးရွာရာသီခွင်ပြပြက္ခဒိန်၊လားရှိုးမြို့နယ်



နုတ်ကွတ်ကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊လာ:ရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ကျွန်မတို့နုတ်ကွတ်ကျေးရွာသည် မြို့နှင့်အလှမ်းကွာဝေးလွန်ပြီး သွားလာရ အလွန်ခက်ခဲ ပါသည်။ လားရှိုးမြို့နှင့် (၂၆)မိုင်ကွာဝေးပါသည်။ ကျွန်မတို့ရွာတွင် တစ်ရွာလုံး ပေါင်းရေတွင်း(၁)တွင်းသာရှိပါသည်။ ကျေးရွာတွင် သောက်သုံးရေနှင့်သုံးရေလည်းအလွန် ခက်ခဲပါသည်။ မြေလွတ်နှင့်တောင်ယာမြေများစွာရှိသော်လည်းငွေအင်အား မတတ်နိုင်ခြင်း ကြောင့် မြေရိုင်းများအဖြစ်သာတည်ရှိနေပါသည်။ ကျွန်မတို့ကျေးရွာတွင် ဗြုံးတောင်နှင့် ဆေးဖက်ဝင်အပင်များလည်းတွေ့ရှိရပါသည်။ ကျွန်မတို့ရွာတွင် ဆေးကုသစရိတ်မတတ် နိုင်ခြင်းကြောင့် တောတောင်ထဲရှိဆေးဖက်ဝင်အပင်များကို ကျိုချက်ထုထောင်းပြီးမှသာ အချင်းချင်းကုသကြရပါသည်။ ဆေးခန်းသည် ကျွန်မတို့ရွာနှင့် (၄)မိုင်ခန့်အကွာတွင် တည်ရှိခြင်းကြောင့် ဖြစ်သလိုကုသကြရပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျွန်တော်တို့နုတ်ကွတ်ရွာသည် ကျောက်၊ သဲစသည့် တွင်းထွက်ပစ္စည်းများမရှိပါ။ ကျွန်တော်တို့ရွာအနီး တောင်များတွင် ဆေးဘက်ဝင်အပင်အမြောက်အမြား ပေါက်ရောက်နေပါသည်။ သဘာဝတောတွင်းတိရိစ္ဆာန်မျိုးစိတ်များ များစွာတွေ့ရှိရပါသည်။ ကျွဲ၊ နွား တိရိစ္ဆာန် စားကျက်များလည်း ပေါများပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်မတို့နုတ်ကွတ်ကျေးရွာတွင် ရှမ်းလူမျိုးများနေထိုင်ကြပါသည်။ အိမ်ထောင်စုများ အားလုံး(၁၀၀)စုရှိပါသည်။ လူဦးရေစုစုပေါင်း(၄၀၆)ဦးရှိပါသည်။ ပျမ်းမျှနှုန်းဆို တစ်အိမ်ထောင်လျှင် (၅-၆)ဦးရှိပါသည်။ ကျွန်မတို့နုတ်ကွတ်ကျေးရွာတွင် နို့စို့အရွယ်ကလေးများ အနည်းငယ်ရှိပါသည်။ (၅)နှစ်အောက်ကလေးကျား(၂၁)ဦးနှင့် မ(၁၂)ဦးရှိပါသည်။ မူလတန်း ကျောင်သားအရွယ် (၅)နှစ်မှ(၉)နှစ်အရွယ် ကျား(၂၇)ဦးနှင့် မ(၃၁)ဦးရှိပါသည်။ အလယ်တန်း ကျောင်းသားအရွယ် ကျား(၁၇)ဦး မ(၂၃)ဦးရှိပါသည်။ (၁၅)နှစ်မှ (၆၅)နှစ် အထိကျား(၁၃၂)ဦးနှင့် မ(၁၃၃)ဦးရှိပါသည်။ အလုပ်လုပ်ကိုင်နိုင်သူများလည်း ရှိပါသည်။ (၆၅)နှစ် အထက်သက်ကြီးရွယ် အိုများလည်းရှိပါသည်။ ကျား(၁)ဦး မ(၆)ဦး စုစုပေါင်း (၇)ဦးရှိပါသည်။ သက်ကြီးရွယ်အိုအချို့ မှာလည်း ကျောထောက်နောက်ခံသားသမီး မရှိတော့သည့်အတွက် ရပ်ရွာမှ စောင့်ရှောက်ပေးနေရ ပါသည်။ ကျွန်မတို့ရွာရှိကလေးများ အားလုံးကာကွယ်ဆေးထိုးကြပါသည်။ ကျန်းမာရေးဌာနမှ ဆရာမများ လာရောက်ထိုးနှံပေးပါသည်။ ကျေးရွာရှိကလေးငယ်များအားလုံးသည် နွေရာသီကျောင်း

ပိတ်ရက်များတွင် အိမ်၌ ဆော့ကစားခြင်း၊ မိဘ၏တောင်ယာလုပ်ငန်းများ၌ ကူညီလုပ်ကိုင်ခြင်းဖြင့် အချိန်ကုန်တာများပါသည်။ ဖြစ်နိုင်လျှင် ကလေးများအား နွေရာသီကျောင်းပိတ်ချိန်တွင် ပညာရပ်တစ်ခုခုကို လေ့လာဆည်းပူးစေချင်ပါ သည်။

(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျွန်မတို့နုတ်ကွတ်ကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးကိုသာ လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးအဖြစ် မိုးရေကိုသာအဓိကအားကိုးစိုက်ပျိုးရပြီး တစ်သီးစားတောင်ယာများဖြစ်ကြပါသည်။ မိုးခေါင်ခြင်းနှင့်ရာသီဥတု ဖောက်ပြန်မှုများ ဖြစ်ပွားသည့် နှစ်များတွင် စိုက်ပျိုးရန် အလွန်ခက်ခဲပြီး သီးနှံများအထွက်နှုန်းနည်းပါသည်။ထိုအချိန်တွင် ကျေးရွာရှိတောင်သူများသည် စားဝတ်နေရေးအလွန်ခက်ခဲပြီးငွေတိုးချေးယူကာ စားသောက်ကြရပါသည်။ ကျွန်မတို့ရွာတွင် အခြားအသက်မွေးဝမ်းကြောင်းလုပ်ငန်းလုပ်ကိုင်ရန် လုပ်ငန်းခွင်များလည်းမရှိပါ။ စိုက်ပျိုးရေးကိုသာအဓိကထားလုပ်ကိုင်ကြပြီး အသက်မွေးဝမ်းကြောင်းပြုနေကြရပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်မတို့နုတ်ကွတ်ကျေးရွာတွင် ဆင်းရဲသားအိမ်ထောင်စုများပါသည်။ အလွန်အဆင်မပြေသောအိမ်ထောင်စုမှာ (၃၀)ကျော်ရှိပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ (၄၀)ကျော်လောက်ရှိပါသည်။ ချမ်းသာပြီး အဆင်ပြေသောအိမ်ထောင်စုမှာ (၅)အိမ်လောက်ရှိပါသည်။ ထို့အိမ်ထောင်စုများသည် ငွေတိုးချေးစားသူ များဖြစ်ကြပါသည်။ (၁)သိန်းဆိုလျှင် အတိုးနှုန်း(၅)ကျပ်ပေးရပါသည်။ ကျွန်မတို့နုတ်ကွတ် ကျေးရွာတွင် ပြောင်းဖူး၊ စပါး၊ နှမ်း၊ ပဲပုတ်၊ ပဲသီးစသည့် သီးနှံများစိုက်ပျိုးကြပါသည်။ အခြားလုပ်ငန်းလုပ်ကိုင်သူ မရှိပါ။ တစ်ချို့အိမ်ထောင်စုများသည် ယူထားသောချေးငွေကို စိုက်ပျိုးချိန်တောင် မရောက်ရှိသေး ဘဲလတ်တလောစားဝတ်နေရေးအတွက် ဖြေရှင်းရပါသည်။ စိုက်ပျိုးချိန် တောင်ရောက်ရှိ ချိန်တွင် တစ်ဖြန်ပြန်လည်၍ ချေးငွေကိုယူကာ မျိုးစေ့များနှင့် ပိုးသတ်ဆေးများ ဝယ်ယူ ရပါသည်။ ထို့ကြောင့် ကျွန်မတို့နုတ်ကွတ်ကျေးရွာသည် သီးနှံများရိတ်သိမ်းပြီးချိန်တွင် အတိုး/အရင်းကို ပြန်ဆပ်ရင်းသာသံသရာလည်နေပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာရှိ ဆင်းရဲသားတောင်သူများသည် အကြွေးများနှစ်ပြီးနောက်ပိုင်း စားဝတ်နေရေးအတွက် ပြည်တွင်း/ပြည်ပသို့ သွားရောက်ကာ လုပ်ကိုင်ကြရပါသည်။ ထို့သို့ ပြည်တွင်း/ ပြည်ပသို့ သွားရောက်လုပ်ကိုင် ရာတွင်လည်း တစ်ခါတစ်ရံကံဆိုးပါက လူလိမ်ခံ ရပါသည်။ သီးနှံများစိုက်ပျိုးရာတွင်လည်း ငွေအင်အားမတတ်နိုင်သောကြောင့် ခါတ်မြေဩဇာမထည့်နိုင်သောကြောင့် အထွက်နှုန်း နည်းပြီး အရှုံးနှင့်ရင်ဆိုင်ကြရပါသည်။ ပြောင်းစိုက်လျှင် ပုံမှန် (၁)ဧကကို (၅၀)အိတ် ထွက်ရှိပါသည်။

ယခုအခါတွင် ခါတ်မြေဩ လုံလုံ လောက်လောက် မထည့်နိုင်သောကြောင့် (၁၅)အိတ်လောက်ပဲ ထွက်ရှိပါတော့သည်။ စပါး စိုက်လျှင် ပုံမှန် (၁) ဧကကို (၃၀)အိတ်ထွက်ရှိပါသည်။ ယခုအခါတွင် စပါး(၅)အိတ်လောက် ပဲ ထွက်ရှိပါတော့ သည်။ နှမ်းကို မိမိစားသုံးရန်အတွက်သာ စိုက်ပျိုးကြပါသည်။ နှမ်းကို ဆီအရောင်းဆိုင်တွင် ဆီနှင့် လဲလှယ်ပြီး အသုံးပြုကြပါသည်။ ကျွန်မတို့နုတ်ကွတ်ကျေးရွာ တွင် လူဦးရေ(၁၀၀) ရှိလျှင် စာမတတ်သူဦးရေ(၈၀)လောက်ရှိပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်းရှိအုပ်ချုပ်ရေးအဖွဲ့သည်ကျေးရွာ၏ရပ်ရေး/ရွာရေး/သာရေး /နာရေးကိစ္စရပ်များတွင်တတ်ကြွစွာပါဝင်ဆောင်ရွက်ပေးပါသည်။ရှမ်းလူငယ်အဖွဲ့သည်ဘာသာရေး/ သာရေး /နာရေး /လုံခြုံရေးကိစ္စရပ်များတွင်တတ်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ဂေါပကအဖွဲ့သည်ဘုန်းကြီးကျေ ာင်း၏ကိစ္စအဝဝနှင့်လိုအပ်ချက်များကိုကူညီဆောင်ရွက်ပေးပါသည်။(World Concern)အဖွဲ့သည် ကျေးရွာတွင်းရှိအိမ်ထောင်စုများအား ငွေးတိုး(၃ကျပ်)နှုန်းဖြင့်ပိုက်ဆံချေးပေးပါသည်။ ကျေးရွာတွင် အခြားအဖွဲ့အစည်းများ မရှိပါ။ ဖြစ်နိုင်လျှင် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများ ရရှိလိုပါသည်။ ကျွန်မတို့ကျေးရွာအတွင်းရှိ အမျိုးသမီးများသည် မိမိတို့ကျန်းမာရေးနှင့် လူမှုရေးကိစ္စရပ်များအတွက် အသုံးပြုရန်ရည်ရွယ်၍ အုပ်စုဖွဲ့၍ တစ်ပတ်လျှင် (၅၀၀)ကျပ်စုဆောင်းကြပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်မတို့ကျေးရွာတွင် အများအားဖြင့် တောင်ယာလုပ်ငန်းကိုသာ လုပ် ကိုင်ကြပါသည်။ တောင်ယာလုပ်ငန်းလုပ်ကိုင်ရာတွင် ပြောင်းကို အဓိကစိုက်ပျိုးကြပါသည်။ စပါး၊ ပဲပုတ်၊ နှမ်းနှင့် မြေပဲများလည်း အနည်းငယ်စိုက်ပျိုးကြပါသည်။

ကျွန်မတို့ရွာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ(၂)အိမ် ရှိပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စု(၉၂)အိမ် ရှိပါသည်။ မပြေလည်သောအိမ်ထောင်စုသည်(၃၅) အိမ် ရှိပါသည်။ အဆင်ပြေသောအိမ်မှာ တိုက်အိမ်ဖြင့် နေထိုင်ကြပြီး မြေဧကများစွာ ပိုင်ဆိုင်ကြပါ သည်။လယ်ထွန်စက်ကြီးများ၊ လက်တွန်းစက်များလည်းပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်အဆင့် ရှိသောအိမ်ထောင်စုမှာ မြေယာ(၂.၅)ဧကပိုင်ဆိုင်ပါသည်။ စျေးရောင်းလုပ်ငန်း လုပ်ကိုင်ကြပါသည်။

မပြေလည်သောအိမ်ထောင်စုမှာ ယာမြေအသင့်အတင့်ပိုင်ဆိုင်ပြီး နေ့စား၊ကျပန်းလုပ်ငန်းများ လုပ်ကိုင် ကြပါသည်။

ကျွန်မတို့ကျေးရွာတွင် (ကျား)လုပ်အားခသည် (မ)လုပ်အားခထက် ပိုမို ရရှိ ပါသည်။ ယောကျ်ားလေးများသည် အလေးအပင်မရပြီ ပင်းပန်းစွာ လုပ်ကိုင်ရသောကြောင့် ဖြစ် ပါသည်။ မိန်းကလေးများသည် ကောက်စိုက်ပျိုးနုတ်လုပ်ငန်းသာ လုပ်ကိုင်ရပါသည်။ ပြောင်းဖူး စိုက်ပျိုးရာတွင်လည်း မိန်းကလေးများသည် ပြောင်းဖူးသာချိုးရပါသည်။ ယောကျ်ားလေးများသည် ပြောင်းဖူးအိတ်ထမ်းရပါသည်။

ကျွန်မတို့ကျေးရွာတွင် ယာမြေစုစုပေါင်း(၁၈၀၃)ဧကရှိပြီး မစိုက်ပျိုးဘဲထားရှိ သော မြေလွတ်မြေလပ်(၂၄၁)ဧကရှိပါသည်။ မစိုက်ပျိုးနိုင်သောမြေဧကများမှာ အရင်းအနှီးမတတ် နိုင်ခြင်း၊ မြေဆီလွှာမကောင်းခြင်းတို့ကြောင့် မစိုက်ပျိုးနိုင်ခြင်းဖြစ်ပါသည်။ မြေဆီလွှာမကောင်းသောကြောင့် ခါတ်မြေဩများထည့်သွင်းစိုက်ပျိုးနိုင်မှသာ သီးနှံအထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရပါသည်။

ကျွန်မတို့ကျေးရွာတွင် မြေယာမဲ့တောင်သူများမရှိပါ။ (၂.၅ဧက)အောက် ပိုင်ဆိုင်သူ (၇၀)ဦးရှိပြီး (၂.၅ဧကမှ၅ဧက)ကြားပိုင်ဆိုင်သူ(၂၇)ဦးရှိပါသည်။ (၅ဧကမှ ၁၂.၅ဧက) ကြား ပိုင်ဆိုင်သူ (၃)ဦးရှိပါသည်။ (၁၂.၅ဧက)အထက်ပိုင်ဆိုင်သူ မရှိပါ။ ထို့ကြောင့် ကျွန်မတို့ကျေး ရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သည့်ရွာဖြစ်ပါသည်။ ကျွန်မတို့ကျေးရွာတွင် ရေတွင်း(၁)တွင်းသာရှိပါသည်။ ချောင်းရေလည်း မရှိပါ။ စိုက်ပျိုးရေအဖြစ် မိုးရေကိုသာ အားကိုးစိုက်ပျိုးရပါသည်။ တစ်ခါတစ်ရံ ရာသီဥတုဖောက်ပြန်ပါက သီးနှံများအထွက်နှုန်းလျော့နည်းပြီး အရှုံးများပါသည်။

ကျွန်မတို့ကျေးရွာတွင် ပြောင်းကိုသာ အဓိကစိုက်ပျိုးကြပါသည်။ ပြောင်းစုစုပေါင်း စိုက်ဧက (၁၈၀၃)ရှိပါသည်။ အနည်းဆုံး(၁)ဧကလျှင် (၁၀၅၀)ပိသာရရှိပြီး အများ ဆုံး(၁)ဧကလျှင် (၁၄၄၀)ပိသာ ရရှိပါသည်။ သီးနှံများစိုက်ပျိုးရာတွင်လည်း ငွေအင်အား မတတ်နိုင် သောကြောင့် ခါတ်မြေဩ မထည့်နိုင်သောကြောင့် အထွက်နှုန်းနည်းပြီး အရှုံးနှင့် ရင်ဆိုင်ကြရပါ သည်။ ပြောင်းစိုက် လျှင် ပုံမှန် (၁)ဧကကို (၅၀)အိတ် ထွက်ရှိပါသည်။ ယခုအခါတွင် ခါတ်မြေဩ လုံလုံလောက်လောက် မထည့်နိုင်သောကြောင့် (၁၅)အိတ်လောက်ပဲ ထွက်ရှိပါတော့သည်။ စပါး စိုက် လျှင် ပုံမှန် (၁)ဧကကို (၃၀)အိတ်ထွက်ရှိပါသည်။ ယခုအခါတွင် စပါး(၅) အိတ်လောက်ပဲထွက် ရှိပါတော့သည်။ နှမ်းကို မိမိစားသုံးရန်အတွက်သာ စိုက်ပျိုးကြပါသည်။ နှမ်းကို ဆီအရောင်းဆိုင် တွင် ဆီနှင့် လဲလှယ်ပြီး အသုံးပြုကြပါသည်။ ကျွန်မတို့ကျေးရွာတွင် ထွန်စက်(၁)စီးရှိပါသည်။ လက်တွန်းစက် (၄၈)စီး ရှိပါသည်။ ခွေ့လှေ့စက် (၆)စီးရှိပါသည်။ စက်မရှိသူများသည်

ငှားရမ်းအသုံးပြုကြပါသည်။ ကျွန်မတို့ကျေးရွာသည် တောင်ကုန်းတောင်တန်းများနှင့်ကာရံထားပြီး ရေမြေသဘာဝရာသီဥတုအနေအထားမှာ သင့်တင့်မျှတမှုရှိပါသည်။ စိုက်ပျိုးမြေဧရိယာမှာ တောင်ကုန်း တောင်တန်းပေါများသောကြောင့် အသုံးချနိုင်မှုသင့်တင့်သာရှိပါသည်။ စိုက်ပျိုးရေးအတွက် ချေးငွေများကို(World Concern)အဖွဲ့မှအတိုးနှုန်း(၃ကျပ်)ဖြင့် ချေးပေးပါသည်။ မျိုးစေ့များကို လားရှိုးမြို့ပေါ်၌သာ ဝယ်ယူကြပါသည်။

ကျွန်မတို့ကျေးရွာရှိလယ်ယာမြေများမှာ ပိုးသတ်ဆေးဖျန်းခြင်းနှင့် ပေါင်းသတ်ဆေးများ အလွန်အကျွံသုံးစွဲမှုများကြောင့် မြေဆီလွှာများ ပျက်စီးကြရပါသည်။ စိုက်ပျိုးနည်းစနစ်မကျွမ်းကျင်ခြင်း ၊မြေဆီလွှာမကောင်းခြင်းကြောင့် သီးနှံအထွက်နှုန်းလျော့နည်းရပါသည်။ သီးနှံများကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ သီးနှံထုတ်လုပ်မှုတွင် နည်းပညာများလည်း လိုအပ်လျက်ရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်မတို့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် ကျွဲမွေးမြူကြပါသည်။ ကြက်၊ ဝက်များကို အိမ်တိုင်းအနည်းငယ်စီ မွေးမြူကြပါသည်။ စီးပွားဖြစ် မမွေးကြပါ။ ကျွန်မတို့ကျေးရွာတွင် တိရိစ္ဆာန်များမွေးမြူရန်အတွက် ရေမလုံလောက်ပါ။ အရင်းအနှီးလည်း လိုအပ်ပါသည်။ကျွန်မတို့ကျေးရွာတွင် စားကျက်မြေအသင့်အတင့်သာ ရှိပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် တိရိစ္ဆာန်သားပေါက်များ ဝယ်ယူရရှိနိုင်ပါသည်။မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် ရေမလုံလောက်ပါ။ နည်းပညာဝန်ဆောင်မှုများလည်း လိုအပ်လျက်ရှိပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် ချေးငွေများ လည်း မရရှိပါ။

ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးအတွက် နည်းပညာ ဝန်ဆောင်မှုများ မရှိပါ။ မိမိကျေးရွာတွင် မွေးမြူသူအချင်းချင်းမေးမြန်း၍သာ မွေးမြူကြပါသည်။ တိရိစ္ဆာန် များကို ကျေးရွာတွင်းရောင်းချကြသကဲ့သို့ လားရှိုးမြို့ပေါ်သို့လည်း သွားရောက်ရောင်းချကြပါသည်။ ကျွဲ၊ နွားများကို လွတ်ကျောင်းစနစ်ဖြင့် မွေးမြူကြပြီး ကြက်၊ ဝက်များကို မိမိခြံဝင်းအတွင်း မွေးမြူကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် လုပ်သားအင်အား အသင့်အတင့်ရရှိနိုင်ပါသည်။ ဈေးကွက်အခြေအနေကိုလည်းအသင့်အတင့်သာနားလည်ပါသည်။ ချေးငွေကို (World Concern)အဖွဲ့မှ

အတိုးနှုန်း (၃ကျပ်)ဖြင့် ချေးပေးပါသည်။ ချေးငွေများကို အပေါင်ပစ္စည်းမရှိလျှင် မရရှိပါ။ အလုပ်အကိုင်များလည်း အသင့်အတင့်သာရှိပါသည်။ ကျွန်မတို့ကျေးရွာသွားလမ်းသည် ကျောက်ခင်းလမ်းဖြစ်သောကြောင့် သွားလာရခက်ခဲပါသည်။ ရွာတွင်းလမ်း မကောင်းပါ။ အလုပ်အကိုင်အခွင့်အလမ်းလည်း မရှိပါ။ အခြားကျေးရွာများသို့ အလုပ်သွားလုပ်ရပါသည်။ ကျေးရွာရှိလူငယ်များသည် အသိပညာ ဗဟု သုတနှင့် ပတ်သက်၍ အလွန်အားနည်းပါသည်။ လျှပ်စစ်မီး မရရှိပါ။ ချေးငွေများကို လိုသလောက် မရရှိပါ။ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ

ကျွန်မတို့ကျေးရွာတွင် ပြည်ပနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သူ အနည်းငယ်သာ ရှိပါသည်။ မိသားစုစားဝတ်နေရေးနှင့် ဝင်ငွေအတွက်သာသွားရောက်ကြပါသည်။ ပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့် အခွင့်အလမ်းများ ရှာဖွေရန်အတွက်လည်း သွားကြပါသည်။ ကျေးရွာတွင်ပြည်ပမှမိသားစုပြန်ပို့ငွေကို
မှီခိုနေရသောအိမ်ထောင်စုများပါသည်။ကျန်ခဲ့သောမိသားစုများသည်လယ်ယာများကိုရောင်းချပြီး အိမ်စားဝတ်နေရေးအတွက် သုံးစွဲကြရပါသည်။ မိုးရာသီကာလရောက်ချိန်တွင် နိုင်ငံခြားမှမိသားစုများ ပေးပို့သောငွေကို သုံးစွဲကြရပါသည်။ ပြန်ပို့ငွေကို ဘဏ်၊ ဟွန်ဒီများဖြင့် လက်ခံရရှိပါသည်။

(c) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်

ကျွန်မတို့ကျေးရွာ၏အနီးဆုံးဈေးမှာ မောက်တောင်းဈေးဖြစ်ပါသည်။ ရွာမှ(၇မိုင်)ကွာဝေးပြီး ဆိုင်ကယ်၊ ကား၊ သုံးဘီးဆိုင်ကယ်များဖြင့် သွားရောက်ကြရပါသည်။ ထိုဈေးတွင် ကုန်စိမ်း၊ ကုန်ခြောက်၊ မီးဖိုချောင်သုံးပစ္စည်းနှင့် အိမ်သုံးပစ္စည်းများ ရရှိနိုင်ပါသည်။ ဈေးအဆောက်အဦးမှာလည်း အသင့်အတင့်ကောင်းမွန်ပါသည်။ ဈေးနှုန်းကတော့ ကြီးပါသည်။ အကြီးစားဈေးမှာ လားရှိုးမြို့မဈေးကြီးဖြစ်ပါသည်။ရွာနှင့် (၄၅)မိုင်ကွာဝေးပြီး ဆိုင်ကယ်၊ ကား၊ သုံးဘီးဆိုင်ကယ်များဖြင့်သွားရောက်ကြရပါသည်။ပစ္စည်းစုံ၊ဝန်ဆောင်မှုစုံရရှိပြီးအချို့ဆိုင်မှာလည်းဝန်ဆောင်မှုကောင်းမွန်သကဲ့သို့ အချို့ဆိုင်များမှာလည်း အသင့်အတင့်သာကောင်းမွန်ပါသည်။

(စ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျွန်တော်တို့နုတ်ကွတ်ရွာရှိ တောင်သူလယ်သမားများကို ဝုန်းမေတ္တာနှင့် Vision Fund ငွေချေးဘဏ်မှ ချေးငွေရရှိပါသည်။ (၃)လမှ (၆)လအတွင်း ကာလကို ဆပ်ရမည် ဆိုသော်လည်း တောင်သူများ၏ အခက်အခဲကြောင့် နောက်ကျမှ ဆပ်နိုင်ပါသည်။ ဝုန်းမေတ္တာနှင့် Vision Fund ၏

အတိုးနှုန်းမှာ (၂၅%)နှုန်း ဖြစ်ပါသည်။ ပြောင်းများကို ဈေးနှုန်းအခက်ကြောင့် နောက်ကျမှ ရောင်းရခြင်း၊ သီးနှံဈေးနှုန်း မှန်ကန်စွာမရခြင်း တောင်သူများ ခံစားနေရပါသည်။ အလုပ်အကိုင် ရှားပါးချိန်များတွင် အပေါင်ခံပစ္စည်းများဖြင့် ငွေချေးလေ့ရှိ ပါသည်။ အတိုးနှုန်းမှာ (၅%)ရှိပါသည်။ ဝမ်းစာရေးအတွက် ချေးငွေများကို ကာလတို/ကာလရှည်ဟု ယူလေ့ရှိပါသည်။ ကျွန်တော်တို့ရွာ၏ အဓိကပြဿနာမှာ အတိုးနှုန်းများသောကြောင့် နေ့စား၊ ကျပန်းလုပ်ကိုင်ရ သူများ အလွန်ပင် အခက်အခဲ ဖြစ်နေရ ပါသည်။

၆။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်းရှိလမ်းများသည် မြေသားလမ်းအမျိုးအစားဖြစ်ပါသည်။ မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ ကျန်ရာသီတွင် သွားလာ၍ရပါသည်။ တစ်ချို့နေရာများသည် ကျောက်ကြမ်းများခင်းထားပြီး ကျောက်နှင့်မြေရောသောလမ်းပုံစံဖြစ်ပါသည်။

ကျွန်မတို့ကျေးရွာတွင် မော်တော်ဆိုင်ကယ်ကို အဓိကအားဖြင့် အသုံးပြု ကြပါသည်။ ထော်လာဂျီများဖြင့်သာ ဈေးရောင်းဈေးဝယ်သွားကြပါသည်။ ကျေးရွာတွင် ထော်လာဂျီ (၂၁)စီးရှိပါသည်။ ကျေးရွာနှင့်မြို့ပေါ်(၂)မိုင်ကားစီးရပါသည်။ ထော်လာဂျီခ အရမ်းဈေးကြီး ပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာထိ လာရောက်ဝယ်ယူကြသောကုန်သည်များကိုသာ များသောအားဖြင့် ရောင်းချကြရပါသည်။ ထိုအခါ သီးနှံများကို ဈေးနိမ့်၍သာ ရောင်းချရပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်မတို့ကျေးရွာတွင် မဟာဓါတ်အားလိုင်းမရရှိပါ။ သို့ဖြစ်ပါ၍ ဆိုလာမီးကိုသာအသုံးပြုကြပါသည်။ အဆင်မပြေသောမိသားစုများသည် ဖယောင်းတိုင်ကိုသာ အသုံးပြုကြပါသည်။ မိုးရာသီတွင် မီးသုံးစွဲမှုအင်မတန်ခက်ခဲပါသည်။ ဆိုလာမီးလည်း အသုံးပြု၍မရတော့ပါ။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျွန်မတို့ကျေးရွာတွင် ဖုန်းတာဝါတိုင်များမရှိ၍ ဖုန်းလိုင်းမကောင်းပါ။ တောင်ပေါ်တက်၍ ဖုန်းပြောရပါသည်။ ရွာထဲတွင် ဖုန်းလိုင်းမရှိပါ။ ဆက်သွယ်ရေးလိုင်းမကောင်း၍ သတင်းအချက်အလက်များလည်းမရရှိနိုင်ပါ။

၇။ ပညာရေး

ရွာတွင် စာမတတ်သူဦးရေ(၁၀၃)ဦးရှိပါသည်။ စာမတတ်သူများသည် ရှေးယခင်လူကြီးများနှင့် ပညာရေးအားမပေးသောမိသားစုများ ဖြစ်ကြပါသည်။ မူလတန်း တက်ရောက်သူ(၉၄)ဦးရှိပါသည်။ အလယ်တန်းတက်ရောက်သူ(၂၂)ဦး ရှိပါသည်။ အထက်တန်းပညာကို တက်ရောက်သူ အလွန်နည်းပါးပါသည်။ ငွေကြေးမတတ်နိုင်ခြင်း၊ မိဘများလုပ်ငန်းတွင် ဝိုင်းဝန်းကူညီရခြင်းများကြောင့် အလယ်တန်းနှင့် ကျောင်းထွက်ရပါသည်။ ကျေးရွာတွင် အလယ်တန်းအထိသာကျောင်းရှိပါသည်။ အထက်တန်းကို မြို့ပေါ်သို့ သွားရောက်ထားကြရပါသည်။ ငွေကြေးတတ်နိုင်သောမိသားစုများက မြို့ပေါ်တွင် ကျောင်းထားကြပါသည်။ မပြေလည်သောမိသားစုများသည် အလယ်တန်းနှင့် ကျောင်းထုတ်ပြီး မိဘလုပ်ငန်းတွင် ကူညီလုပ်ကိုင်စေပါသည်။

ကျွန်မတို့ကျေးရွာတွင် မူလွန်ကျောင်းရှိပါသည်။ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းတက်ကြပါသည်။ သို့သော်အလယ်တန်းနှင့် အထက်တန်းကိုဖြင့် ငွေကြေးမတတ်နိုင်ခြင်းကြောင့် တက်ရောက်သူအလွန်နည်းပါသည်။

ကျွန်မတို့ကျေးရွာရှိစာသင်ကျောင်းမှာ မူလွန်ကျောင်းဖြစ်ပါသည်။ စာသင်ကျောင်းဆောင်အခြေအနေမှာ အတော်အသင့်ကောင်းမွန်ပါသည်။ ကျောင်းအိမ်သာသည် ပျက်စီးယိုးယွင်းနေပြီဖြစ်ပါသည်။ အဓိကအားဖြင့် ဆရာမများနေထိုင်ရန် အဆောက်အအုံမရှိခြင်း ဖြစ်ပါသည်။ လက်တလောတွင် ကျေးရွာမှ ယာယီဆောက်လုပ်ပေးထားသောအိမ်ဖြင့် ဆရာမ(၃)ဦး ကျပ်တည်းစွာ နေထိုင်နေရပါသည်။ ကျေးရွာအနေဖြင့်လည်း ထပ်မံဆောက်လုပ်ပေးရန် ငွေကြေး မတတ်နိုင်မှုကြောင့် လက်ရှိတွင်အဆင်ပြေသလို နေထိုင်ရပါသည်။

ကျွန်မတို့ကျေးရွာတွင် ဆရာမလုံလောက်မှုမရှိပါ။ လက်ရှိတွင် ကျေးရွာမှခန့်အပ်ထားသောဆရာမ(၁)ဦးရှိပါသည်။ ကျေးရွာမှ(၁)လလျှင် (၁)သိန်းကျပ်နှုန်းဖြင့် ပညာသင် စရိတ်ထောက်ပံ့ပေးလျှက်ရှိပါသည်။

၈။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွန်မတို့ကျေးရွာတွင် မိုးရာသီ၌ ဝမ်းပျက်ဝမ်းလျှောရောဂါများ၊ ငှက်ဖျား ရောဂါများ ကျရောက်မှုရှိပါသည်။ အစားအသောက်ဆင်ခြင်စားသုံးမှုမရှိခြင်းနှင့် ကျန်းမာရေးအသိ ပညာဗဟုသုတမရှိခြင်းကြောင့် ဖြစ်ရပါသည်။ အခြားရောဂါများ ဖြစ်ပွားမှုမရှိပါ။

ကျွန်မတို့ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိခြင်းကြောင့် အခြားကျေးရွာသို့ (၄)မိုင်ခရီးသွား၍ ကာကွယ်ဆေးထိုးရပါသည်။ ပိုလီယိုရောဂါ၊ မေးခိုင်(ကိုယ်ဝန်ဆောင်ကာလအတွင်း) ၊ဝက်သက်ရောဂါများထိုးနှံရပါသည်။ အခြားကာကွယ်ဆေးများ ထိုးနှံမှု မရှိပါ။လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်းကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ ဝန်ဆောင်မှုများ လည်း မရရှိပါ။

ကျွန်မတို့ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ အခြားကျေးရွာသို့ (၄)မိုင်ခရီးသွား၍ ဆေးထိုးကုသရပါသည်။ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်းကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ ဒုက္ခရောက်ကြရပါသည်။အရေးပေါ်အခြေအနေတွင် ရွာတွင်း၌ ကုသရန် ဆေးပေးခန်းရှိခြင်းကြောင့် ဆေးမြီတိုဖြင့်သာကုသကြရပါသည်။ ကျွန်မတို့ကျေးရွာတွင် သောက်သုံးရေနှင့် သုံးရေအဖြစ် တစ်ရွာလုံးပေါင်း ရေတွင်း (၁)တွင်းသာရှိပါသည်။ သို့သော် နွေရာသီ၌ရေခမ်းသောကြောင့် လုံလောက်မှုမရှိပါ။ ကျွဲ၊ နွားတိရိစ္ဆာန်များအတွက်လည်း သောက်သုံးရေအင်မတန်ခက်ခဲပါသည်။ ကျွန်မတို့ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲသောအိမ်ထောင်စု(၈၀)ရှိပြီး မသန့်ရှင်းသောအိမ်သာသုံးစွဲသူ (၃)အိမ်ရှိပါသည်။ အိမ်သာမရှိသောအိမ်ထောင်စု(၉)အိမ်ရှိပါသည်။ မသုံးစွဲသောအိမ်မှာ ကျန်းမာရေးအသိပညာဗဟုသုတမရှိခြင်းနှင့် ရှေးရိုးစွဲအယူဝါဒများကြောင့် ဖြစ်ပါသည်။

၉။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျွန်မတို့ရွာတွင် ဗြုံးတောင်အနည်းငယ်ရှိပါသည်။ တူးဖော်ရခက်ခဲသော ကြောင့် အသုံးပြုသူမရှိပါ။ သဘာဝဆေးဖက်ဝင်အပင်များစွာရှိပါသည်။ ချောင်းဆိုးပျောက်ဆေး၊ ယားနာပျောက်ဆေး၊ အနာပျောက်ဆေးနှင့် သွေးလည်ပတ်မှုကောင်းစေသောဆေးပင်များ စသည့် တို့ဖြစ်ပါသည်။

၁၀။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်မတို့ကျေးရွာရှိအမျိုးသမီးများသည် ကျေးရွာစီမံအုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးရေးများတွင် ပါဝင်မှုမရှိပါ။ အမျိုးသမီးများသည် အိမ်တွင် ကလေးထိန်း၊ ထမင်းဟင်းချက်၊ အိမ်မှုကိစ္စများနှင့်သာအချိန်ကုန်ကြရပါသည်။ ဦးဆောင်လိုစိတ်လည်း မရှိပါ။ရှေးရိုးစဉ်လာကိုသာ လက်ကိုင်ကျင့်သုံးကြပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျွန်မတို့ကျေးရွာတွင် ရှမ်းလူငယ်အဖွဲ့ရှိပါသည်။ ရှမ်းလူငယ်အဖွဲ့သည် အားလပ်ချိန်များတွင် ရွာတွင်းအမှိုက်ကောက်ခြင်း ၊သန့်ရှင်းရေးပြုလုပ်ခြင်း၊ ကျေးရွာတွင်သာရေး/

နာရေးနှင့်ဘာသာရေးပွဲများတွင် ကူညီပါဝင်လုပ်ကိုင်ပေးကြပါသည်။ လူငယ်များ စွမ်းဆောင်ရည် မြင့်တင်ရေးပညာပေးဟောပြောပွဲများလည်း လုပ်စေချင်ပါသည်။ ကျွန်မတို့နုတ်ကွတ်ကျေးရွာတွင် နှစ်စဉ်နှစ်တိုင်းရိုးရာအကပွဲများ (ရှမ်းနှစ်သစ်ကူးပွဲ၊ သီတင်းကျွတ်ပွဲ၊ ထမင်းနဲပွဲများ) ကျင်းပလေ့ရှိပါသည်။ထို့သို့ကျင်းပရာတွင်လည်းရန်ပုံငွေအဖြစ်တစ်အိမ်ထောင်လျှင်(၅၀၀၀ကျပ်မှ၁၀၀၀၀ကျပ်ထိ)ကောက်ခံကြပါသည်။ အမျိုးသမီးများသည် ချက်ပြုတ်ရေးများတွင် တာဝန်ယူရပြီး အမျိုးသားများသည် ထမင်းကျွေး၊ ပန်းကန်ခွက်ယောက်သိမ်းဆည်းခြင်းများတွင် တာဝန်ယူဆောင်ရွက်ကြပါသည်။ ကျောင်းတွင်လည်း မိဘဆရာစုံညီပွဲတော်များ ကျင်းပလေ့ရှိကြပါသည်။ ဆရာ/မများ အတွက်လည်း ကလေးများထံမှ (၅၀၀မှ၁၀၀၀)ကျပ်ထိကောက်ခံပြီးပျော်ပွဲရွှင်ပွဲအတွက် ဆောင်ရွက်ကြပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး

ကျွန်မတို့ကျေးရွာတွင် ကာကွယ်ရေးနှင့်လုံခြုံရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ဆောင်ရွက်ပေးပါသည်။ သတင်းအချက်အလက်ဆိုင်ရာ ဝန်ဆောင်မှုများလည်း မရှိပါ။ကျွန်မတို့ကျေးရွာတွင် ခိုးမှုများရှိပါသည်။ မူးယစ်ဆေးဝါးများလည်း သုံးစွဲသူများပြား၍ စိုးရိမ်ရပါသည်။ ကလေးငယ်များအတွက်လည်း စိုးရိမ်ရပါသည်။ အဘယ် ကြောင့်ဆိုသော် မိဘများလုပ်ငန်းသွားချိန်တွင် ကလေးများအား အိမ်တွင်ဒီအတိုင်း ထားခဲ့ကြရပါသည်။ ထိုအခါတွင်မတော်တဆထိခိုက်မှုများ၊ကလေးပျောက်မှုများရှိပါသည်။

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေးအဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	စက်ရေတွင်းတူးဖော်ခြင်းနှင့်ရေကန်ဆောက်လုပ်ခြင်း	၁	Â	Â	Â		
၂	ရွာတွင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း	၂	Â	Â	Â		
၃	စိုက်ပျိုးရေးပညာပေးဟောပြောပွဲ	၃	Â	Â	Â		
၄	မွေးမြူရေးပညာပေးသင်တန်း	၄	Â	Â	Â	Â	Â
၅	ကျန်းမာရေးအသိပညာပေးသင်တန်း	၅		Â			
၆	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း	၆	Â	Â	Â		
၇	ကျောင်းအုတ်တံတိုင်းကာရံခြင်းလုပ်ငန်း	၁	Â	Â	Â		

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- နုတ်ကွတ်ကျေးရွာ
ကျေးရွာအုပ်စု	- မောက်တောင်းကျေးရွာအုပ်စု
မြို့နယ်	- လားရှိုးမြို့
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်း(မြောက်)
စီမံချက်အမည် -	**ဂါလံ(၂၀၀၀)ဆန့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်း**
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ လက်ရှိအခြေအနေ၌ **ရေလုံလောက်မှုမရှိသောကြောင့် ရေစုကန်တည်ဆောက်လိုခြင်း**	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) • ရေကိုသိုလှောင်ထားနိုင်သောကြောင့် လုံလောက်စွာအသုံးပြုနိုင်မည်ဖြစ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ) • ရေစုကန်တည်ဆောက်ပေးခြင်းအားဖြင့် သန့်ရှင်းသော ရေကိုသောက်သုံးနိုင်ခြင်း၊ ရာသီမရွေး တစ်နှစ်ပတ်လုံး ရေကိုလုံလောက်စွာအသုံးပြုနိုင်မည်ဖြစ်ပါသည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်) - ဂါလံ(၂၀၀၀)ဆန့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်း (၁၀' × ၈' × ၈')	
ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀၀ (ငွေသား) • ၁၆၇၀၀၀၀ (ငွေသား) • ၁၁၆၇၀၀၀၀(ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၂၃	၂၁၀	၄၃၃	၁	၅	၄၅	၄၉	၁၀၀
အကျိုးခံစားမည့် ဦးရေ	၂၂၃	၂၁၀	၄၃၃	၁	၅	၄၅	၄၉	၁၀၀
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) နုတ်ကွတ်ကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) ၂၀၂၂.၂၀၁၉
(၃) စီမံချက် ပြီးစီးမည့်အချိန် ၁၅.၈.၂၀၂၀
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် ကျေးရွာသူ/ သားများမှ အလှည့်ကျ လုပ်ငန်းပြီးမြောက်သည်အထိ လုပ်အားပေးကြပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှ ဦးဆောင်၍ ရွာသူရွာသားများနှင့်တကွ ရေရှည်တည်တံ့ခိုင်မြဲ အောင် ပြုပြင်ထိန်းသိမ်းသွားပါမည်။

၁	ဦးပန်းမောင်	ဦးပူကျောင်	၉/ကပတ(နိုင်)၁၃၈၉၇	၅၄	ဥက္ကဋ္ဌ	
၂	ဦးစိုင်းအောင်ကျော်	ဦးဆန်ယု	၁၃/လရန(နိုင်)၁၃၇၁၅၉	၂၈	အတွင်းရေးမှူး	
၃	ဦးခမ်းမွန်း	ဦးချင်တ	၁၃/လရန(နိုင်)၀၄၀၆၇၂	၆၆	ဘဏ္ဍာရေးမှူး	
၄	ဦးဆန်ရီ	ဦးကာဝိ	၁၃/လရန(နိုင်)၀၄၀၇၆၉	၅၉	စာရင်းကိုင်	
၅	ဒေါ်အဲလင်း	ဦးပန်းစိန်	၁၃/လရန(နိုင်)၀၄၀၇၈၉	၄၉	သေ့ကိုင်(၁)	
၆	ဦးအောင်ဆာ	ဦးဆန်	၁၃/လရန(နိုင်)၁၉၁၄၃၇	၅၁	သေ့ကိုင်(၂)	
၇	ဒေါ်နန်းအဲငွေ	ဦးဆန်အက်	၁၃/လရန(နိုင်)၀၀၃၆၄၀	၄၆	အဖွဲ့ဝင်	
၈	ဦးပန်းမောင်	ဦးပူကျောင်	၉/ကပတ(နိုင်)၁၃၈၉၄၇	၅၄	ဥက္ကဋ္ဌ	
၉	ဦးစိုင်းအောင်ကျော်	ဦးဆန်ယု	၁၃/လရန(နိုင်)၁၃၇၁၅၉	၂၈	အတွင်းရေးမှူး	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၀	၃
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၂၁	၁၂	၃၃
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃၃	၃၂	၆၅
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၀	၂၅	၄၅
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၄၅	၁၃၉	၂၈၄
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁	၂	၃
စုစုပေါင်း		၂၂၃	၂၁၀	၄၃၃
စုစုပေါင်း အိမ်ထောင်စု				၁၀၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)
နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅)
နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)
နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅)
နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅)
နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅)
နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျွန်မတို့နုတ်ကွတ်ကျေးရွာတွင် ရှမ်းလူမျိုးများနေထိုင်ကြပါသည်။ အိမ်ထောင်စုများ အားလုံး(၁၀၀)စုရှိပါသည်။ လူဦးရေစုစုပေါင်း(၄၀၆)ဦးရှိပါသည်။ ပျမ်းမျှနှုန်းဆို တစ်အိမ်ထောင်လျှင် (၅-၆)ဦးရှိပါသည်။ ကျွန်မတို့နုတ်ကွတ်ကျေးရွာတွင် နို့စို့အရွယ်ကလေးများ အနည်းငယ်ရှိပါသည်။

(၅)နှစ်အောက်ကလေးကျား(၂၁)ဦးနှင့် မ(၁၂)ဦးရှိပါသည်။ မူလတန်း ကျောင်သားအရွယ် (၅)နှစ်မှ(၉)နှစ်အရွယ် ကျား(၂၇)ဦးနှင့် မ(၃၁)ဦးရှိပါသည်။ အလယ်တန်းကျောင်းသားအရွယ် ကျား(၁၇)ဦး မ(၂၃)ဦးရှိပါသည်။ (၁၅)နှစ်မှ (၆၅)နှစ် အထိကျား(၁၃၂)ဦးနှင့် မ(၁၃၃)ဦးရှိပါသည်။ အလုပ်လုပ်ကိုင်နိုင်သူများလည်း ရှိပါသည်။ (၆၅)နှစ် အထက်သက်ကြီးရွယ်အိုများလည်းရှိပါသည်။ ကျား(၁)ဦး မ(၆)ဦး စုစုပေါင်း (၇)ဦးရှိပါသည်။ သက်ကြီးရွယ်အိုအချို့မှာလည်း ကျောထောက်နောက်ခံသားသမီး မရှိတော့သည့်အတွက် ရပ်ရွာမှ စောင့်ရှောက်ပေးနေရပါသည်။ ကျွန်မတို့ရွာရှိကလေးများ အားလုံးကာကွယ်ဆေးထိုးကြပါသည်။ ကျန်းမာရေးဌာနမှ ဆရာမများ လာရောက်ထိုးနှံပေးပါသည်။ ကျေးရွာရှိကလေးငယ်များအားလုံးသည် နွေရာသီကျောင်းပိတ်ရက်များတွင် အိမ်၌ ဆော့ကစားခြင်း၊ မိဘ၏တောင်ယာလုပ်ငန်းများ၌ ကူညီလုပ်ကိုင်ခြင်းဖြင့် အချိန်ကုန်တာများပါသည်။ ဖြစ်နိုင်လျှင် ကလေးများအား နွေရာသီကျောင်းပိတ်ချိန်တွင် ပညာရပ်တစ်ခုခုကို လေ့လာဆည်းပူးစေချင်ပါ သည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀၀	၂၀၃	၀	မြင့် □လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)				
၃.၁	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၄	သစ်တောလုပ်ငန်း				
၄.၁	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
၅.၁	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း				
၆.၁	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၇.၁	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၆	မြင့် □လတ် ☑နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၃	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျွန်မတို့ကျေးရွာတွင် အများအားဖြင့် တောင်ယာလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။ တောင်ယာလုပ်ငန်းလုပ်ကိုင်ရာတွင် ပြောင်းကို အဓိကစိုက်ပျိုးကြပါသည်။ စပါး၊ ပဲပုတ်၊ နှမ်းနှင့်မြေပဲများလည်း အနည်းငယ်စိုက်ပျိုးကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၀	၀	၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျွန်မတို့ကျေးရွာတွင် (ကျား)လုပ်အားခသည် (မ)လုပ်အားခထက် ပိုမို ရရှိ ပါသည်။ ယောကျ်ားလေးများသည် အလေးအပင်မရပြီ ပင်းပန်းစွာ လုပ်ကိုင်ရသောကြောင့်ဖြစ် ပါသည်။ မိန်းကလေးများသည် ကောက်စိုက်ပျိုးနုတ်လုပ်ငန်းသာ လုပ်ကိုင်ရပါသည်။ ပြောင်းဖူးစိုက်ပျိုးရာတွင်လည်း မိန်းကလေးများသည် ပြောင်းဖူးသာချိုးရပါသည်။ ယောကျ်ားလေးများသည် ပြောင်းဖူးအိတ်ထမ်းရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၀.၀၀	ကောင်း ☐သင့်☐ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၁၅.၀၀	ကောင်း ☐ သင့်☐ ညံ့ ☑
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
ကိုင်း/ ကျွန်းမြေ	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
ဓနိတောမြေ	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
မြေလွတ်မြေလပ်	၁၉.၀၀	ကောင်း ☐ သင့်☐ ညံ့ ☑
စုစုပေါင်း	၂၃၄	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)
မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ကျွန်မတို့ကျေးရွာတွင်ယာမြေစုစုပေါင်း(၁၈၀၃)ဧကရှိပြီးမစိုက်ပျိုးဘဲထားရှိသောမြေလွတ်မြေလပ်(၂၄၁)ဧကရှိပါသည်။မစိုက်ပျိုးနိုင်သောမြေဧကများမှာအရင်းအနှီးမတတ်နိုင်ခြင်း၊မြေဆီလွှာမကောင်းခြင်းတို့ကြောင့်

မစိုက်ပျိုးနိုင်ခြင်းဖြစ်ပါသည်။မြေဆီလွှာမကောင်းသောကြောင့်ဓါတ်မြေဩဇာများထည့်သွင်းစိုက်ပျိုးနိုင်မှသာသီးနှံအထွက်နှုန်းကောင်းမွန်ပြီးစျေးကောင်းရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** **(မှန်ရာတစ်ခုကိုသာရွေးရန်)**	**အသုံးချနိုင်မှု** **(မှန်ရာတစ်ခုကိုသာရွေးရန်)**
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များး ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ခက်☐အသုံးမပြုနိုင်ပါ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များး ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များး ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များး ☐ သင့်☐ နည်း ☑ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။

။ကျွန်မတို့ရွာတွင်ဖြုံးတောင်အနည်းငယ်ရှိပါသည်။တူးဖော်ရခက်ခဲသောကြောင့်အသုံးပြုသူမရှိပါ။သဘာဝဆေးဖက်ဝင်အပင်များစွာရှိပါသည်။ချောင်းဆိုးပျောက်ဆေး၊ယားနာပျောက်ဆေး၊အနာပျောက်ဆေးနှင့်သွေးလည်ပတ်မှုကောင်းစေသောဆေးပင်များစသည့်တို့ဖြစ်ပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	**သတ်မှတ်စံနှုန်း**

	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်ေသာအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကေ ာင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁	၅	၄၅	၄၉

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျွန်မတို့ရွာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ(၂)အိမ် ရှိပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စု(၉၂)အိမ် ရှိပါသည်။ မပြေလည်သောအိမ်ထောင်စုသည်(၃၅)အိမ်ရှိပါသည်။အဆင်ပြေသောအိမ်မှာ တိုက်အိမ်ဖြင့် နေထိုင်ကြပြီး မြေဧကများစွာပိုင်ဆိုင်ကြပါသည်။လယ်ထွန်စက်ကြီးများ၊ လက်တွန်းစက်များလည်းပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်အဆင့်ရှိသောအိမ်ထောင်စုမှာ မြေယာ(၂.၅)ဧကပိုင်ဆိုင်ပါသည်။ စျေးရောင်းလုပ်ငန်း လုပ်ကိုင်ကြပါသည်။ မပြေလည်သောအိမ်ထောင်စုမှာ ယာမြေအသင့်အတင့်ပိုင်ဆိုင်ပြီး နေ့စား၊ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစွာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာ ဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
		အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြား၀မ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖြလမှ၁၂လအထိ၀မ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် -

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			၀
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			၀
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။လေ့လာတွေ့ရှိချက်။။။လေ့လာတွေ့ရှိချက် -

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဧယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေဓိုက်ပျိုးရေ)	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့်

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။
။ကျွန်မတို့ရွာတွင်မိုးအဆက်မပြတ်ရွာသွန်းပါကတစ်ခါတစ်ရံရေကြီးမှုဖြစ်ပေါ်လျက်ရှိပါသည်။ငလျင်သည် (၁၀နှစ်မှ၁၅နှစ်)တစ်ကြိမ်ဖြစ်ပေါ်လျက်ရှိပါသည်။သို့သော်ထိခိုက်ပျက်စီးမှုမရှိပါ။ကျေးရွာတွင်ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်း၊သစ်ခုတ်ခြင်း၊ထင်းခုတ်ခြင်း၊မီးသွေးဖုတ်ခြင်းများကြောင့်သစ်တောပြုန်းတီးမှုများရှိပါသည်။မိုးရာသီတွင်ဂ်ကဖျားရောဂါအနည်းငယ်ကျရောက်မှုရှိပါသည်။မိုးရာသီမိုးအဆက်မပြတ်ရွာသွန်းပါကလမ်းများချိုင့်ခွက်များဖြစ်ပေါ်ကာပျက်စီးမှုများရှိပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကျွန်မတို့ကျေးရွာတွင် မူးယစ်ဆေးဝါးပေါများခြင်းကြောင့် ထိခိုက်မှုများပါသည်။ ဆေးဝါးများအလွယ်တကူရရှိမှုကြောင့် အဓိကအားဖြင့် လူငယ်များ ပျက်စီးကြပါသည်။ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု နည်းပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဧယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေးအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၀	၀	၀	ပညာရေး ☑ငွေကြေး ☑ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☑သာရေး၊ နာရေး၊လူမှုဖွံ့ဖြိုးရေး☑လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	ရှမ်းလူငယ်အဖွဲ့	၁ ☑ ၂ ☐ ၃ ☐	၀	၀	၀	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း ☐ သင့်☑ ညံ့ ☐
၃	ဂေါပကအဖွဲ့	၁ ☑ ၂ ☐ ၃ ☐	၀	၀	၀	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း ☐ သင့်☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းရှိအုပ်ချုပ်ရေးအဖွဲ့သည်ကျေးရွာ၏ရပ်ရေး/ရွာရေး/သာရေး /နာရေးကိစ္စရပ်များတွင်တတ်ကြွစွာပါဝင်ဆောင်ရွက်ပေးပါသည်။ရှမ်းလူငယ်အဖွဲ့သည်ဘာသာရေး/ သာရေး /နာရေး

/လုံခြုံရေးကိစ္စရပ်များတွင်တတ်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ဂေါပကအဖွဲ့သည်ဘုန်းကြီးကျောင်း၏ကိစ္စအဝဝနှင့်လိုအပ်ချက်များကိုကူညီဆောင်ရွက်ပေးပါသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	World Concern	၁ ☐ ၂ ☑ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၂		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – မမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(ဂ) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။(World Concern)အဖွဲ့သည် ကျေးရွာတွင်းရှိအိမ်ထောင်စုများအား ငွေးတိုး(၃ကျပ်)နှုန်းဖြင့်ပိုက်ဆံချေးပေးပါသည်။ ကျေးရွာတွင် အခြားအဖွဲ့အစည်းများ မရှိပါ။ ဖြစ်နိုင်လျှင် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများ ရရှိလိုပါသည်။ကျွန်မတို့ကျေးရွာအတွင်းရှိအမျိုးသမီးများသည် မိမိတို့ကျန်းမာရေးနှင့် လူမှုရေးကိစ္စရပ်များအတွက် အသုံးပြုရန် ရည်ရွယ်၍ အုပ်စုဖွဲ့၍ တစ်ပတ်လျှင် (၅၀၀)ကျပ်စုဆောင်းကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၀	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၇၀	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၇	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၃	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၁၀၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျွန်မတို့ကျေးရွာတွင်မြေယာမဲ့တောင်သူများမရှိပါ။ (၂.၅ဧက)အောက်ပိုင်ဆိုင်သူ (၇၀)ဦးရှိပြီး (၂.၅ဧကမှ၅ဧက)ကြားပိုင်ဆိုင်သူ(၂၇)ဦးရှိပါသည်။(၅ဧကမှ၁၂.၅ဧက)ကြားပိုင်ဆိုင်သူ (၃)ဦးရှိပါသည်။ (၁၂.၅ဧက)အထက်ပိုင်ဆိုင်သူ မရှိပါ။ ထို့ကြောင့်ကျွန်မတို့ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သည့်ရွာဖြစ်ပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင် စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၆	လက်ငင်းရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ ☐ မရှိ ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဇက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ ☑	မဖြေဆိုပါ☑
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် ရေတွင်း(၁)တွင်းသာရှိပါသည်။ ချောင်းရေလည်း မရှိပါ။ စိုက်ပျိုးရေအဖြစ် မိုးရေကိုသာ အားကိုးစိုက်ပျိုးရပါသည်။ တစ်ခါတစ်ရံရာသီဥတုဖောက်ပြန်ပါက သီးနှံများအထွက်နှုန်းလျော့နည်းပြီး အရှုံးများပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဇက	တစ်ဇကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ် ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ပြောင်း	၂၃၄	ဝိဿာ	၁၀၅၀	၁၄၄၀	၁၂၄၅	ဇွန်	အောက်တိုဘာ	မပြု☑ လုတ်☐ နိမ့်☐	မပြု☐ လတ်☐ နိမ့်☑
စပါး	၀	အိတ်	၅	၃၀	၁၇.၅	မေ	ဇူလိုင်	မပြု☑ လုတ်☐ နိမ့်	မပြု☐ လတ်☐ နိမ့်☑

သီးနှံ	စုစုေပါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ် ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
								□	

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

